
ဘာသာပြန်-ဝေဘာလုံးနတ်ဆိုး (အဂ္ဂရာ)
TeamViewer
ရော်နယ်ဒိုလက်သစ်
ကျွန်တော်
အခဉ်-၄၇

# အခန်း (၄၈၁)

*

အောက်တိုဘာလ စတင်ပြီးနောက် ပရီးမီးယား လိဂ် ပွဲစဉ်များ ပြီးဆုံးသွားကာ ချန်ပီယံလိဂ် ပွဲစဉ်များ ဆက်လက် ကျင်းပလာသည်။

မန်ချက်စတာယူနိုက်တက်သည် ဩစတြီးယား နိုင်ငံ ဆဲလ်ဘက်သို့ သွားရောက်ပြီး ရက်ဘူးလ် ဆဲလ်ဘက်အသင်းနှင့် အဝေးကွင်းတွင် ယှဉ်ပြိုင်

ကစားရမည် ဖြစ်သည်။

ဩစတြေးလျား ရက်ဘူးလ် ကုမ္ပဏီပိုင် အသင်း တစ်သင်းအနေဖြင့် သူတို့သည် အရင်းအမြစ်များ စွာကို ရရှိထားပြီး ဥရောပတွင် နောက်ထပ် ဖျက် မြင်းအသင်း တစ်သင်း ဖြစ်လာဖို့ တာဆူနေလေ သည်။

သူတို့၏ ဘောလုံးဒါရိုက်တာမှာ ဘောလုံး လောက၏ ခေါင်းကိုင်ဖခင်ကြီး ဟု လူသိများ သော ရန်းနစ် ဖြစ်သည်။ သူ၏ လူငယ် ကစားသမားများကို ရွေးချယ်နိုင်စွမ်းက အသင်း တစ်သင်းကို ကိုင်တွယ်ရသည့် သူ၏ နည်းဗျူဟာပိုင်းဆိုင်ရာ စွမ်းရည်ထက် များစွာ သာလွန်ပေသည်။

ဥပမာအားဖြင့် မာနေး ဆိုလျှင် တစ်ချိန်က ရက်

ဘူးလ် ဆဲလ်ဘက်တွင် ကစားခဲ့ဖူးသည်။

ယခုလည်း ဟွမ်ဟီချန် ၊ ဟာလန်း ၊ မီနာမီနိုနှင့် ဆိုဘိုဆလိုင်းတို့ ကဲ့သို့သော ကစားသမားများက သူတို့၏ အလားအလာများကို တဖြည်းဖြည်း ပြသလာနေကြပြီ ဖြစ်သည်။ ဟာလန်းဆိုလျှင် ဒေ့ါမွန်အသင်း၏ မျက်စိကျခြင်းကို ခံထားရပြီး ဆောင်းရာသီ အပြောင်းအရွှေ့တွင် အရောင်းအဝယ် ဖြစ်မည်ဟုပင် သတင်းများ ထွက်ပေါ်နေသည်။

"မြန်မြန်... မြန်မြန်လုပ်ကြ ဖိအားပေးတာတွေ၊ ဖျက်ထုတ်တာတွေ နေရာတကျ ရှိပါစေ"

နည်းပြချုပ် မာရိုက တိုက်တွန်းနေသည်။

သူက ယခင်က နယူးယောက် ရက်ဘူးလ် အသင်းကို ကိုင်တွယ်ခဲ့ပြီး အသင်းကို ဆုဖလား

များနှင့် အောင်မြင်မှုများစွာ ရရှိအောင် ဦးဆောင်နိုင်ခဲ့သူ ဖြစ်သည်။

သို့သော် မေဂျာလိဂ်၏ ပြိုင်ဆိုင်မှုက လွန်စွာ အားနည်းလွန်းလှသည်။ ထို့ကြောင့် သူက စိန်ခေါ်မှု အသစ်များကို ရင်ဆိုင်ရန် ရက်ဘူးလ်ဆဲလ်ဘက်သို့ ပြောင်းရွှေ့လာပြီး မန်ချက်စတာယူနိုက်တက်နှင့် ပွဲတွင် သူတို့အနေဖြင့် စွမ်းဆောင်ရည်ကောင်းတစ်ခု ပြသနိုင်ဖို့ မျှော်လင့်နေပေသည်။

မည်သို့ပင်ဆိုစေကာမူ… မန်ချက်စတာယူနိုက်တက်ထံမှ လာသော ဖိအားများက ကြီးမားလွန်းလှသည်။

"ငါတို့ နိုင်နိုင်မယ်လို့ မင်း ထင်လား…" တာကူမီ မီနာမီနိုက ဟွမ်ဟီချန်ကို မေးလိုက်သည်။

"သေချာပေါက် အခွင့်အရေး ရှိတာပေ့ါ။ မန်ချက်စတာယူနိုက်တက်က သန်မာတယ် ဆိုပေမယ့် သူတို့က မရှုံးနိုင်တဲ့ အသင်းမျိုးတော့ မဟုတ်ပါဘူး..."

ဟွမ်ဟီချန်က ပြီးခဲ့သော အာရှ ထိပ်သီး ၁၂ သင်း ပြိုင်ပွဲကို ရုတ်တရက် သတိရသွားသည်။ သူက တရုတ်ကစားသမား တစ်ဦးကို ရည်ရွယ်ချက်ရှိရှိ ကြမ်းတမ်းစွာ ကန်ကျောက်ခဲ့သဖြင့် နှစ်ဖက်အသင်းကြား အကြမ်းဖက် ပဋိပက္ခတစ်ခု ဖြစ်ပွားခဲ့သည်။

ယင်းအဖြစ်အပျက်က တရုတ်ကစားသမားများမှာ အားနည်းသည် ဟူသော အထင်အမြင်ကို ချန်ရစ်ထားခဲ့သည်။

"ကမ္ဘာ့ဖလား ခြေစစ်ပွဲမှာ ငါတို့ တရုတ်

အသင်းနဲ့ တစ်အုပ်စုတည်း မကျတာ တကယ် နှမြောစရာပဲ။ မဟုတ်ရင် ချူကို သင်ခန်းစာပေးဖို့ အခွင့်အရေး ရှာလို့ရမှာ..." တာကူမီ မီနာမီနို ကလည်း မကျေနပ်သော လေသံဖြင့် ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး။ နောက်ဆုံး ၁၂ သင်း အဆင့်အထိ ငါတို့ စောင့်လို့ ရပါတယ်။ ဒါပေမယ့် ကတိနော်..."

ဟွမ်ဟီချန်ကလည်း ခပ်ယဲ့ယဲ့ အပြုံးတစ်ခုကို ပြသလိုက်သည်။ "အဲဒီအချိန်ရောက်ရင် သူ့ကို တွေ့တဲ့ သူက ပွဲနိုင်ပြီးတာနဲ့ သူ့ကို အရှက်ခွဲပစ်ရမယ်။ ပရီးမီးယားလိဂ်မှာ အဲဒီလောက် မာန တောင်လွှားနေဖို့... ပြီးတော့ ဆွန်ဟောင်မင်ကို တောင် အထင်သေးရဲဖို့ ဘယ်သူက သူ့ကို

ပြောထားလို့လဲ..."

"အိုကေ" တာကူမီ မီနာမီနိုက ခေါင်းညိတ်လိုက်သည်။

တရုတ်အသင်း၏ အဆင့်အတန်းဖြင့်ဆိုလျှင် အကောင်းဆုံး ခြေစွမ်းပြနိုင်ပါက အာရှတတိယ တန်းစား အဆင့်လောက်သာ ရှိမည်ဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယားတို့နှင့် ယှဉ်နိုင်လိမ့်မည် မဟုတ်ဟု သူတို့နှစ်ဦးစလုံး ယုံကြည်ထားပေသည်။

ချူဖုန်းကဲ့သို့ ဘလွန်းဒီအော အဆင့်ရှိ ကစားသမား တစ်ဦး ပါဝင်လာလျှင်တောင် လုံလောက်မည် မဟုတ်ပေ။

"လာ... မြန်မြန် လေ့ကျင့်ကြမယ်..." ဟာလန်းက မျက်မှောင်ကြုတ်ကာ လှမ်းခေါ်လိုက်သည်။

ရက်ဘူးလ် ဆဲလ်ဘက်သို့ သူ ရောက် ကတည်းက ဤနှစ်ယောက်က လူကောင်းများ မဟုတ်ဟု သူ ခံစားခဲ့ရသည်။ သူတို့က အမြဲတမ်း တခြားသူတွေရဲ့ ကွယ်ရာမှာ အတင်းပြောရတာကို သဘောကျကြသည်။

မည်သို့ပင်ဆိုစေ သူ ထွက်ခွာရတော့မည် ဖြစ်ရာ ဤသို့သော ကိစ္စများကို ဝင်ရောက် စွက်ဖက်မနေချင်တော့ပေ။

ဤသို့ဖြင့် ချန်ပီယံလိဂ် ပွဲစဉ်ရက်က လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။

ပရိသတ် သုံးသောင်းခန့်က ရက်ဘူးလ် အားကစားကွင်းကြီးအတွင်းသို့ လာရောက်ကာ ရက်ဘူးလ် ဆဲလ်ဘက် အသင်းကို အားပေးကြသည်။

ချူဖုန်းက သူ့ရှေ့ရှိ ဟွမ်ဟီချန်နှင့် မိနာမိနိုတို့ကို လက်ညှိုးထိုးပြကာ "ဒီကောင်တွေကို မှတ်ထား... ခဏနေရင် သူတို့ကို သေချာ ပညာ ပေးရမယ်" ဟု ပြောလိုက်သည်။

"ချူ... သူတို့နဲ့ မင်းက အငြိုးတစ်ခုခုများ ရှိနေ လို့လားဟင်..." ဝမ်ဘစ်ဆာကာ တစ်ယောက် လုံးဝ ကြောင်အမ်းသွားသည်။

"ဒါက ငါ့ကို အသေသတ်ဖို့ ကြံနေတဲ့ ကောင် တွေကွ" ချူဖုန်းက ခေါင်းညိတ်ပြလိုက်သည်။

"စိတ်မပူနဲ့... ဒီနေ့ ငါ ဖောင် အရမ်း ကောင်းနေ တယ်။ မင်းကိုယ်စား သူ့ကို နောက်ထပ် အကြိမ် အနည်းငယ်လောက် ထပ်ပြီး ဝင်ဖျက်ထုတ်ပေး မယ်"

ဝမ်ဘစ်ဆာကာက အကျီလက်ကို ပင့်တင်လိုက်

သည်။

အစ်ကိုကြီးက လုပ်မယ်လို့ ပြောမှတော့... လုပ်လိုက်ရုံပေါ့လေ။ ဘယ်လိုပဲဖြစ်ဖြစ် ချူနောက်ကို လိုက်ရင် ဘယ်တော့မှ အရှုံးမပေါ်ပါဘူး။

"ငါလည်း ဖျက်ထုတ်မှုတွေ လုပ်ပေးမယ်"

ဘရူနို ဖာနန်ဒက်စ်ကလည်း မိမိသဘောဆန္ဒအလျောက် ဝင်ပါလိုက်သည်။ မန်ချက်စတာ ယူနိုက်တက်တွင် နေရာတစ်နေရာ အခိုင်အမာ ရချင်လျှင် ချူဖုန်း၏ အသိအမှတ်ပြုမှုကို ရယူရန်လိုအပ်သည် မဟုတ်ပါလား။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် ရှိနေသော ဟွမ်ဟီချန်နှင့် မီနာမီနိုတို့မှာ မန်ချက်စတာယူနိုက်တက် ကစားသမားများ၏ ရန်လိုသော အကြည့်များကို သတိထားမိလိုက်သည်။ မနေနိုင်ဘဲ

ကြက်သီးမွေးညင်းများပင် ထသွားကြသည်။

အဝတ်လဲခန်းသို့ ပြန်ရောက်သောအခါ မော်ရင်ညိုက ချောင်းနှစ်ချက် ဟန့်လိုက်ပြီး "ရက်ဘူးလ်ဆဲလ်ဘက်ကို အားနည်းတယ်လို့ မထင်ကြနဲ့။ တကယ်တမ်းကျတော့ သူတို့ကို ပရီးမီးယားလိဂ်မှာ သွားထားရင်တောင် အမှတ်ပေးဇယားအလယ်အလတ်အဆင့်လောက်မှာ ရှိနေလိမ့်မယ်..." ဟု ပြောလိုက်သည်။

"ပြီးတော့ သူတို့ရဲ့ ရှေ့တက် ဖိအားပေးတဲ့ စနစ်က လီဗာပူးနဲ့ ဆင်တူတယ်။ လူငယ်ကစားသမားတွေရဲ့ ကောင်းမွန်တဲ့ ရွေ့လျားနိုင်စွမ်းကို အသုံးပြုပြီး ဖိအားပေးတယ်။ ပြီးတာနဲ့ အတိုဆုံး အချိန်အတွင်းမှာ ရှေ့တန်းကို ဘောလုံးပို့ပေးလေ့ရှိတယ်..."

"ဒါကြောင့် ဒီနေ့ပွဲမှာ ငါတို့ ကွင်းလယ်မှာ အချိန်ဆွဲမနေသင့်ဘူး။ ပြိုင်ဘက်ရဲ့ ဘောလုံးလုယူပြီး တန်ပြန်တိုက်စစ် ဆင်တာကို ရှောင်ရှားနိုင်ဖို့ ငါတို့လည်း လျင်မြန်တဲ့ အကူးအပြောင်းတွေ လုပ်ဖို့ လိုတယ်..."

မော်ရင်ညိုက ပွဲတိုင်းကို အလွန် အလေးအနက်ထားလေ့ ရှိသည်။ ဒါက သူ၏ မွေးရာပါ ကိုယ်ရည်ကိုယ်သွေး ဖြစ်ပြီး အသက်အရွယ်သို့မဟုတ် အတွေ့အကြုံများနှင့် မသက်ဆိုင်ပေ။

"ရက်ဘူးလ် ဆဲလ်ဘက်ရဲ့ ဘယ်ဘက်တောင်ပံခံစစ်က နှိုင်းယှဉ်ချက်အရ အားနည်းတယ်။ အခွင့်အရေး ရရင် အပေါ်ကနေ ကျော်ချတဲ့ အဝေးပေးပို့မှုတွေကို စမ်းကြည့်လို့ ရတယ်။ အမြန်နှုန်းအရ သူတို့နဲ့ ယှဉ်ပြိုင်ရမှာကို ကျွန်တော်

မကြောက်ဘူး"

ချူဖုန်းက တစ်ခွန်း ဝင်ဖြည့်ပြောလိုက်သည်။

"ကောင်းပြီ... ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွေကို အစွမ်းကုန် ကြိုးစားပြီး အနိုင်ယူကြစို့။ ဒါမှ ငါတို့ စောစောစီးစီး ရှုံးထွက်အဆင့်ကို တက်ပြီး ပင်ပန်းခက်ခဲမယ့် ခရစ္စမတ် ပွဲစဉ်တွေအတွက် ပြင်ဆင်နိုင်မှာ..." မော်ရင်ညိုက ခေါင်းညိတ် သဘောတူလိုက်သည်။

"ရှေ့ဆက်သွား... "

အားလုံး အတူတကွ အားပေးစကား အော်ဟစ် လိုက်ကြပြီးနောက် အဝတ်လဲခန်းထဲမှ ထွက်လာ ခဲ့ကြသည်။

ရက်ဘူးလ် ဆဲလ်ဘက်က မန်ချက်စတာယူနိုက် တက်ကို အိမ်ကွင်းတွင် ဧည့်ခံ ကစားမည်

ဖြစ်သည်။

ရက်ဘူးလ် နည်းပြချုပ် မာရီကို ရှေးရိုးစွဲဝါဒီ တစ်ဦး မဟုတ်ပေ။ ဆန့်ကျင်ဘက်အနေဖြင့် သူ၏ နည်းဗျူဟာပိုင်းဆိုင်ရာ အကြံဉာဏ်များ က အလွန် ဆန်းသစ်တီထွင်မှု ရှိသည်။

သူတို့က ၄-၂-၂-၂ ကစားကွက်ဖြင့် ခင်းကျင်း လာသည်။

ဟာလန်းနှင့် ဟွမ်ဟီချန်တို့က ရှေ့တန်းတွင် တိုက်စစ်မှူး နှစ်ဦးအဖြစ် တွဲဖက် ကစားမည်။

တာကူမီ မီနာမီနို၊ ဆိုဘိုဆလိုင်း၊ ဘန်နယ်ဒက် နှင့် ယူနူဇိုဗစ်တို့က ကွင်းလယ်တွင် စိန်ပွင့် ပုံသဏ္ဍာန် ဖွဲ့စည်းထားသည်။ ခံစစ်ပိုင်းတွင် ရက်စမတ်၊ ရာမဲလ်ဟို၊ ဝူဘာနှင့် အူလ်မာတို့က တစ်တန်းတည်း နေရာယူထားကြသည်။

ဆိုလိုသည်မှာ ကစားသမားများကို ကွင်းလယ် ဗဟိုတွင် စုစည်းထားပြီး တောင်ပံများကိုတော့ ခံစစ်အစွန်လူများ၏ ကာကွယ်မှုအောက်တွင်သာ ထားရစ်ခဲ့ခြင်း ဖြစ်သည်။

ဤသည်က ရက်ဘူးလ် ဆဲလ်ဘက် ကစားသမားများ၏ ဝိသေသလက္ခဏာများနှင့် သက်ဆိုင်နေသည်။

ဟာလန်းနှင့် ဟွမ်ဟီချန် အတွဲအဖက်... တစ်ယောက်က အရပ်ရှည်ပြီး နောက်တစ်ယောက်က သန်မာသဖြင့် အတော်လေး ထိရောက်မှု ရှိသည်။

သို့သော် ဟာလန်း၏ ခေါင်းတိုက်စွမ်းရည်က အနည်းငယ် အားနည်းနေသေးသည်။ ထို့ကြောင့် ဘေးတောင်ပံများသို့ ထွက်ကစားမည့်အစား

ဒေါင်လိုက် နေရာလွတ်များ ဖန်တီးနိုင်ရန် အလယ်ဗဟိုမှသာ ထိုးဖောက်ရန် သူတို့ ဆုံးဖြတ်ခဲ့ကြသည်။

ဤလူစာရင်းက ဩစတြီးယား ဘွန်ဒက်စ်လီဂါတွင် သူတို့ ဘယ်လိုပဲ ကစားကစား အလုပ်ဖြစ်နေသည်။

မန်ချက်စတာ ယူနိုက်တက်ကတော့ ဂန္ထဝင် ၄-၃-၁-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ယခင်ပွဲစဥ်များနှင့် ကြီးကြီးမားမား ပြောင်းလဲမှုမရှိပေ။

ဗဟိုဝင်ရိုးပေါ်ရှိ ဟားဗက်ဇ် နေရာတွင် အစားထိုး အသုံးပြုလာခြင်းသာ ရှိသည်။

မော်ရင်ညို ခန့်မှန်းထားသည့်အတိုင်းပင် ရက်ဘူးလ် ဆဲလ်ဘက်တို့ ပွဲစသည်နှင့် တစ်ပြိုင်နက်

အမြင့်မှ ဖိအားပေးမှုများကို စတင်လာပြီး ဗဟို ကွင်းလယ် နေရာလွတ်ကို ထိန်းချုပ်နိုင်ရန် အခိုင်အမာ ဆုံးဖြတ်ထားပုံရသည်။

သို့သော် မန်ချက်စတာ ယူနိုက်တက်က သူတို့နှင့် ဘောလုံးလုရန် ယှဉ်ပြိုင်မနေတော့ဘဲ တောင်ပံ နှစ်ဖက်စလုံးမှ တစ်ဆင့် တိုက်စစ်များ စတင် လိုက်သည်။ ချူဖုန်းကတော့ ဂရီးလစ်ရှ်နှင့် တွဲဖက်၍ တောက်လျှောက် တိုက်စစ်ဆင်ပေး နေသည်။

သူ့ ရည်ရွယ်ချက်က ရိုးရှင်းပါသည်။

ဆဲလ်ဘက်၏ တောင်ပံများကို ဆက်တိုက် ချိုးဖျက်ပြီး သူတို့၏ ခံစစ် အရင်းအမြစ်များကို တောင်ပံများဆီ အာရုံစိုက်လာစေရန် ဖိအားပေး

ခြင်း ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အလယ်လမ်းကြောင်းတွင် နေရာလွတ်များ ပေါ်ထွက်လာမည် ဖြစ်သည်။

နည်းဗျူဟာများနှင့် လက်တွေ့ အကောင်အထည်ဖော်မှုတို့ ပြီးပြည့်စုံစွာ ပေါင်းစပ်သွားသောအခါ ရလဒ်များကို လျင်မြန်စွာ ရရှိလာတော့သည်။

***